# နိုင်ငံရေးအမြော်အမြင် ပီပြင်ပါစေ

နအဖ စစ်အစိုးရဟာ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မယ်ဆိုပြီး ၂၀၀၈ အခြေခံဥပဒေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရေးဆွဲပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ အတည်ပြုခဲ့တယ်။ ၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၀ မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပတယ်။ ကြံ့–ဖွံ့ပါတီအနိုင်ရအောင် နည်းမျိုးစုံလုပ်ခဲ့တယ်။ ဒီနည်းနဲ့ အရပ်ဝတ်လဲထားတဲ့ စစ်ဗိုလ်ထွက်တွေဦးစီးတဲ့ အဆင့်ဆင့်လွှတ်တော်၊ အစိုးရဆိုတာတွေ ပေါ်လာတယ်။ ဒီမိုကရေစီအပြောင်းအလဲတွေ လုပ်မယ်ဆိုပြီးကြွေးကြော်တယ်။

အခုတော့လွှတ်တော်သက်တမ်းတခု၊ အစိုးရသက်တမ်းတခု ကုန်ဆုံးတော့မယ်။ နောက်သက်တမ်းတခုအတွက် ၂၀၁၅ ရွေးကောက်ပွဲဝင်ကြဖို့တောင် ပြင်ဆင်နေပြီဖြစ်တယ်။ ဒီလွှတ်တော်၊ အစိုးရသက်တမ်းတခုအတွင်းမှာ စစ်ဗျူရိုကရက်ယန္တရားနဲ့ စစ်အာဏာရှင်စနစ်ပုံစံ၊ လုပ်ဟန်၊ အမူအကျင့်အတိုင်းပဲ ရှိနေတာ တွေ့ရပါတယ်။ ဒီမိုကရေစီအရိပ်အယောင်တောင် မမြင်ရတာ ဖြစ်နေတယ်။ အကြောင်းကတော့ ၂၀၀၈ အခြေခံဥပဒေအရ ကျင်းပရတဲ့ရွေးကောက်ပွဲဟာ ဟန်ပြရွေးကောက်ပွဲပဲ ဖြစ်တယ်။ အဲဒီဟန်ပြရွေးကောက်ပွဲကနေ ပေါ်လာတဲ့ လွှတ်တော်ဟာလည်း ဟန်ပြလွှတ်တော်ပဲ ဖြစ်တယ်။ အဲ့ဒီ ဟန်ပြလွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့ အစိုးရကလည်း ဟန်ပြအစိုးရပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီအပြောင်းအလဲ လုပ်တာလည်း ဟန်ပြပဲ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ လွှတ်တော်တွေရှိတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေရှိတယ်။ ဒါပေမဲ့ တိုင်းဒေသကြီးအစိုးရနဲ့ပြည်နယ်အစိုးရတွေနဲ့ ဝန်ကြီးချုပ်တွေကို သမ္မတက ခန့်အပ်တာ ဖြစ်တယ်။ အဲ့ဒီ ဝန်ကြီးချုပ်ဆိုသူတွေဟာလည်း အရပ်ဝတ်လဲထားတဲ့ စစ်ဗိုလ်တွေချည်းလိုလိုပဲ ဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ကအစ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအားလုံးဟာ ဟန်ပြအရပ်သားအစိုးရတွေပဲ ဖြစ်ပါတယ်။

အလုပ်သမားကိစ္စတွေ ဖြေရှင်းတာကိုကြည့်ရင် စစ်တိုက်တဲ့ နည်းပရိယာယ်မျိုးအတိုင်း လုပ်တာတွေ့ရမယ်။ အလုပ်သမားတွေကို အခွင့်အရေးပေးတော့မလိုလို ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တယ်၊ အလုပ်သမားအချင်းချင်း မညီမညွတ်ဖြစ်အောင်လုပ်တယ်။ ပြီးရင် အလုပ်သမားတွေကို ခြောက်တယ်။ မခံမရပ်နိုင်အောင် ဆွတယ်။ အလုပ်သမားတွေ ပေါက်ကွဲအောင် ဂွင်(ခွင်) သွင်းတယ်၊ အဲ့ဒီလို ခွင်ထဲရောက်ပြီဆိုတာနဲ့ အကြမ်းဖက်ဖြေရှင်းပစ်တယ်။ လယ်သမားကိစ္စတွေဆိုလည်း အဲဒီလိုပဲလုပ်တယ်။

ကျောင်းသားလူငယ်တွေနဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကို ကိုင်တွယ်တာမှာလည်း ဒီအတိုင်းပါပဲ။ ကျောင်းသားလူငယ်တွေ လမ်းပေါ်မထွက်ထွက်အောင် ဖန်တီးလိုက်တယ်။ ကျောင်းသားသပိတ်ကို ဂရုမူစရာမလိုဘူးလို့ ယူဆခဲ့ကြတယ်။ လက်တွေ့မှာ ကျောင်းသားသပိတ်စစ်ကြောင်းတွေ ကြီးထွားလာတော့မှ ထိတ်လန့်သွားတယ်။ ကျောင်းသားသပိတ်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပြီး သဘောတူညီမှုတွေ လုပ်လိုက်တယ်။ ဒီနည်းနဲ့ သပိတ်ပြိုကွဲအောင် လုပ်တယ်။ လွှတ်တော်မှာ ကျောင်းသားတွေကိစ္စ အချိန်ဆွဲတဲ့နည်းသုံးပြီး ကျောင်းသားသပိတ်တွေ ခြေကုန်လက်ပန်းကျအောင်လုပ်တယ်။ ဒီအချိန်မှာ သပိတ်နဲ့ပတ်သက်ပြီး စည်းကမ်းတွေ၊ တားမြစ်ချက်တွေ ထုတ်တယ်။ ပင်မသပိတ်ကို ထောက်ခံတဲ့ ရန်ကုန်သပိတ်ကို ခွင်သွင်းပြီး အကြမ်းဖက်ဖြိုခွဲပစ်တယ်။ လက်ပံတန်းမှာရှိတဲ့ ပင်မသပိတ်ကို ရန်ကုန်အထိ ချီတက်ခွင့်ပြုမယ်ဆိုပြီး သတိပေါ့အောင် လုပ်ပစ်တယ်။ ပြီးမှ အလစ်အငိုက်ယူပြီး အကြမ်းဖက် ဖြိုခွင်းတယ်။ ရက်ရက်စက်စက်ရိုက်နှက်ဖမ်းဆီးတယ်။ ဒီနောက်မှာ လွှတ်တော်က ကျောင်းသားတွေနဲ့ သဘောတူထားတာတွေကို ပြင်ဆင်ထားတဲ့အချက်တွေနဲ့ အမျိုးသားပညာရေးဥပဒေကို အတည်ပြုတယ်။ အားလုံးခြုံငုံကြည့်ရင် ကျောင်းသားလူငယ်တွေရဲ့ လှုပ်ရှားမှုကို ရန်သူလှုပ်ရှားမှုလို အစိုးရကသတ်မှတ်ပြီး စစ်မြေပြင်မှာ ရန်သူကို တိုက်ခိုက်ချေမှုန်းတဲ့ နည်းမျိုးတွေနဲ့ လုပ်တာ တွေ့ရမယ်။

အခု ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေတာကို ကြည့်ရင်လည်း ဒီနည်းဗျူဟာတွေပဲ လုပ်နေတာတွေ့ရမယ်။ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးအင်အားစုတွေကို စည်းကမ်းသတ်မှတ်ချက်အမျိုးမျိုးနဲ့ ထိန်းချုပ်ထားတယ်။ ကြံ့–ဖွံ့ က ဘယ်သူတွေ ရွေးကောက်ပွဲဝင်မယ်ဆိုတာ မပြောဘဲ တခြားနိုင်ငံရေးပါတီအင်အားစုတွေက လူလုံးပြအောင်လုပ်တယ်။ တခြား နိုင်ငံရေးပါတီတွေက မဲဆွယ်တာ လုပ်ခွင့်မရှိခင်ကတည်းက သမ္မတတွေ၊ ဝန်ကြီးတွေ၊ လွှတ်တော်ဥက္ကဋ္ဌတွေ၊ မဲဆွယ်တဲ့သဘော သက်ရောက်တဲ့ကိစ္စကို အစိုးရစရိတ်နဲ့ လျှောက်လုပ်နေကြပြီဖြစ်တယ်။ ဒီလိုအဘက်ဘက်မှာ အသာစီးရပြီးမှ ရွေးကောက်ပွဲ နေ့ရက်ကို အတိအကျကြေညာတယ်။ ပိုင်လောက်တဲ့ မဲဆန္ဒနယ်နယ်တွေကို ကြေညာတယ်။ ရှုပ်ထွေးဝေဝါးအောင် မဲစာရင်း ကိစ္စတွေ ဖန်တီးတယ်။ ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲအတွင်းမှာ ဘယ်လောက်ညစ်ပတ်နည်းတွေ သုံးဦးမယ်ဆိုတာ စောင့်ကြည့်ရဦးမယ်။

ဆိုလိုတာက ဒီအစိုးရ၊ သမ္မတ ဦး(ဗိုလ်)သိန်းစိန်အစိုးရ၊ ဒီလွှတ်တော်ဥက္ကဋ္ဌတွေ သူရ ဦး(ဗိုလ်) ရွှေမန်း၊ ဦး(ဗိုလ်) ခင်အောင်မြင့်တို့ဟာ စစ်ဗိုလ်တဖြစ်လဲတွေပီပီ ကိစ္စအားလုံးကို စစ်ရေးနည်းဗျူဟာနည်းတွေနဲ့ပဲ ဖြေရှင်းတယ်။ စစ်ရေး နည်းပရိယာယ်ကျင့်သုံးသလိုပဲ ကျင့်သုံးလိမ့်မယ်ဆိုတာပါပဲ။

အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးကိစ္စမှာလည်း သမ္မတနဲ့သမ္မတအသိုင်းအဝိုင်းဘက်က ပျော့ပျောင်းစိတ်ရှည် သယောင်လုပ်ပြီး ကာချုပ်က ဖ ချက်နဲ့ဝင်ပြီး ယတိပြတ်လုပ်တယ်။ တကယ်တော့ ၂၀၀၈ အခြေခံဥပဒေဘောင်ထဲဆွဲသွင်းပြီး လက်နက်ချရေးကို လုံးပန်းနေကြတာမှာ သမ္မတရော၊ ကာချုပ်ရော အတူတူပါပဲ။ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေး ဆွေးနွေးတယ်ဆိုတာ ယောင်ပြသာဖြစ်တယ်။ အတွင်းသဘောက ချေမှုန်းရေးပဲဖြစ်တယ်။

၂၀၀၈ အခြေခံဥပဒေအရ ကာ–လုံ ရှိပါတယ်။ ဒီကာ–လုံထဲမှာ ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် လွှတ်တော်ဥက္ကဋ္ဌတွေ သမ္မတနဲ့ ဒုသမ္မတတွေတွေ၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာချုပ်ကခန့်တဲ့ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးတွေပါ ပါတယ်။ ဒီကာလုံ အစည်းအဝေး ဘယ်မှာ လုပ်သလဲ၊ ဘယ်လိုလုပ်သလဲ ဘာတွေဆွေးနွေးတယ်ဆိုတာ ဘယ်သူမှ သိခွင့်မရှိပါဘူး။

တကယ်တော့ ဗမာပြည်ကိစ္စအဝဝကို ဒီ ကာ–လုံ က ကိုင်ထားတာပါ။ အားလုံးဟာ ကာလုံမှာ အသေအချာဆွေးနွေး တိုင်ပင်အကွက်ချပြီးမှ လွှတ်တော်ဥက္ကဋ္ဌတွေကလည်း လွှတ်တော်အလိုက်၊ သမ္မတတွေကလည်း သမ္မတအလိုက်၊ ဝန်ကြီးတွေကလည်း ဝန်ကြီးတွေအလိုက် ထွက်ကကြတာ ဖြစ်တယ်။ အားလုံးကို ကာချုပ်က ထိန်းကျောင်းထားတယ်။ ဆိုလိုတာက စစ်အာဏာရှင်စနစ်ဟာ စစ်ဗျူရိုကရေစီယန္တယားကြီးနဲ့ လည်ပတ်နေပြီး စစ်မိန့်နဲ့ အဆုံးအဖြတ်ပေးနေတာပဲ ဖြစ်ပါတယ်။ ကာလုံထဲကို စစ်အုပ်စုအသိုင်းအဝိုင်းထဲက လူကိုပဲ ဝင်ခွင့်ပြုမှာ ဖြစ်တယ်။

ဒါကြောင့် လွှတ်တော်တွင်း လွှတ်တော်ပ နိုင်ငံရေးအင်အားစုများ၊ ဥပဒေတွင်း – ဥပဒေပ နိုင်ငံရေးအင်အားစုများ၊ အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုများ၊ အပစ်အခတ်ရှိဆဲ အင်အားစုများစတဲ့ အင်အားစုများအားလုံး နိုင်ငံရေးသတိဝိရိယကြီးဖို့ လိုတယ်။ နိုင်ငံရေးအမြော်အမြင်ရှိဖို့ လိုတယ်။ နိုင်ငံရေးအကင်းပါးဖို့ လိုပါတယ်။ ဒေါက်တာသန်းထွန်း ပြောသလို မအ အောင် သမိုင်းကို လေ့လာဖို့လိုတယ်။ ဗမာပြည်စစ်အုပ်စု အဆက်ဆက်ရဲ့ သမိုင်းကို လေ့လာဖို့ လိုပါတယ်။ စစ်အုပ်စုရဲ့ အမူအကျင့်၊ လုပ်ဟန်၊ နည်းနာအားလုံးကို စူးစမ်းလေ့လာနိုင်လေလေ ကိုယ့်ရဲ့နိုင်ငံရေး အမြော်အမြင် ပိုရှင်းလင်းပီပြင်လေဖြစ်ပြီး ပြည်သူလူထုကြီးကို ပိုပြီး အလုပ်အကျွေးပြုနိုင်လေဖြစ်မှာ ဖြစ်တယ်။